# လူငယ်အလုပ်လက်မဲ့ ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်မှလေ့လာဆန်းစစ်နေဆဲဖြစ်

သတင်းရင်းမြစ် > ယုဝေ
သောကြာနေ့၊ အောက်တိုဘာလ ၀၄ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၁၈ မိနစ်

---

မြန်မာနိုင်ငံ လူငယ်များအစည်းအရုံးမှ ကောက်ယူခဲ့သည့် စစ်တမ်းအရ လူငယ်အလုပ်လက်မဲ့လူဦးရေ ၆၀ ရာခိုင်နှုန်း ရှိနေပြီဖြစ်ရာ အဆိုပါကိစ္စနှင့်ပတ်သတ်၍ အမျိုးသားလွှတ်တော်သို့ စာတင်ထားခဲ့ပြီး လွှတ်တော်ကော်မတီ ဥက္ကဋ္ဌ တစ်ဦးက လေ့လာစမ်းစစ်မှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဖွဲ့ရန်နိုင်က မဇ္ဈိမကို ပြောသည်။

အသင်းဥက္ကဋ္ဌ ဖွဲ့ရန်နိုင်က “လွှတ်တော်ကို စာတင်တာက ဖွန်လက တင်ခဲ့တာပါ။အာဏနည်နေ့ မတိုင်ခင် ကပါ။ လူငယ်ပေါင်း နှစ်ထောင်ကျော်ကို စစ်တမ်းကောက်ယူခဲ့တာပါ။ အဓိကကတော့ လူငယ်တွေရဲ့ ပြဿနာကို ဖြေရှင်း
ပေးဖို့ တိုက်တွန်းချင်လို့ပါ” ဟု ပြောသည်။

မြန်မာနိုင်ငံ လူငယ်များအစည်းအရုံးမှ မြန်မာနိုင်ငံတွင် လူငယ်အလုပ်လက်မဲ့ဦးရေမှာ ၆၀ ရာခိုင်နှုန်းရှိပြီ ဟူသော စစ်တမ်းကို ၂၀၁၂ခုနှစ် နှစ်ဆန်းပိုင်းနှင့် နှစ်ကုန်ပိုင်းတွင် ရန်ကုန်တိုင်း၊ဧရာဝတီတိုင်း၊ ပဲခူးတိုင်း ဒေသကြီးများတွင်
ကောက်ယူခဲ့ခြင်းဖြစ်သည်။

တိုင်းတစ်ခုချင်းတွင် အနည်းဆုံးမြို့နယ် ၁၀ ခုကျော်မှ လူငယ်များအား စစ်တမ်းကောက်ယူထားခြင်းဖြစ်သည်။ အဆိုပါ လူငယ်များ၏ အလုပ်အကိုင်ရှားပါးမှုဆိုင်ရာ ကြေညာချက်စာတမ်းအား ဖွန်လ ၂၀ ရက် တွင် ထုတ်ပြန်ခဲ့ သည်။

မြန်မာနိုင်ငံလူငယ်များ အစည်းအရုံးအနေဖြင့် မြန်မာနိုင်ငံ လူငယ်အလုပ်လက်မဲ့ဦးရေ ပြဿနာနှင့်ပတ် သက်၍ လူငယ်များကို အသက်မွေးဝမ်းကျောင်း ပညာရပ် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါသင်တန်းများမှာ အခြေခံစာရင်းကိုင်သင်တန်း (LCCI)၊ အခြေခံ အင်္ဂလိပ်စာသင်တန်း၊ အခြေခံ ကွန်ပျူတာ သင်တန်း၊ အခြေခံ စက်ချုပ်သင်တန်း၊ မော်တော်ကား စက်ပြင်သင်တန်း၊ လျှပ်စစ်မီးပြင်သင်တန်း၊ အိမ်ခြံမြေ လုပ်ငန်းဆိုင်ရာ အကျိုးဆောင်သင်တန်း၊ အနုပညာဆိုင်ရာ သင်တန်းများဖြစ်ပြီး နိုဝင်ဘာတွင် စတင်ဖွင့်လှစ် မည်
ဖြစ်သည်။

အဆိုပါ သင်တန်းများကိုနယ်မြို့များတွင် ဦးစားပေးဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန်တွင် ကော့မှူး၊ ကွမ်းခြံကုန်း၊ သုံးခွ၊ သန်လျင်၊ ကျောက်တန်း၊ မှော်ဘီ၊ မင်္ဂလာဒုံ၊ ဥက္ကံ၊ သုံးဆယ်၊ လှိုင်သာယာ မြို့နယ်များဖြစ်ပြီး ဧရာဝတီတိုင်း တွင် မအူပင်ခရိုင် ဒေးဒရဲ၊ ပဲခူးတိုင်းတွင် ပဲခူးမြို့အား ဗဟိုပြုကာ တောင်ငူ၊ သာယာ ဝတီ၊ ပြည်၊ ပန်းတောင်းမြို့နယ် များ၊ မန္တလေးတွင် မြို့နယ်လေးမြို့နယ်နှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရှမ်းပြည်နယ်များရှိ ငြိမ်းချမ်းသော
ဒေသများတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ လူငယ်များအစည်းအရုံးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် ရန်ကုန်မြို့ရှိ လူငယ်အင် အားစုများမှ
နိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအား ကိုယ်စားပြုနိုင်သည့် အသင်းအဖွဲ့တစ်ရပ် ရှိသင့်သည်ဟု ဆွေးနွေးကာ တိုင်းပြည် တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့အစည်း ဖြစ်လာ
စေရန် ရည်ရွယ်ချက်ဖြင့် စတင်ဖွဲ့ စည်းခဲ့သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese

.